ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၆၁/၂၀၂၄

၁၃၈၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ခေတ်ကာလနှင့်လျော်ညီစွာ အီလက်ထရောနစ်စနစ် (e-Submission System)အသုံးပြု၍ ဆေးဝါးမှတ်ပုံတင်လျှောက်ထားနိုင်ရေးအတွက် အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၃၂. ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် (အမိန့်ကြော်ငြာစာအမှတ် ၃/၁၉၉၃)ကို ပြင်ဆင်သည့်အမိန့်ကို ထုတ်ပြန်လိုက်သည်။

ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့်(အမိန့်ကြော်ငြာစာအမှတ် ၃/၁၉၉၃)ကို ပြင်ဆင်သည့်အမိန့်

၁။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁။ (က) အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၇ အရ ဆေးဝါးမှတ်ပုံတင်လိုသူသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ လျှောက်ထားခြင်းကို အီလက်ထရောနစ်စနစ် (e- Submission System) အသုံးပြု၍ မှတ်ပုံတင်လျှောက်ထားနိုင်သည်၊

(ဂ) အပိုဒ်ခွဲ(ခ)အရ လျှောက်ထားရာတွင် ယင်းစနစ်ပါ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ လျှောက်ထားရမည်၊

(ဃ) ဆေးဝါးနမူနာအပ်နှံခြင်းနှင့် သတ်မှတ်အထောက်အထား ပြည့်စုံစွာတင်ပြခြင်းတို့ဆောင်ရွက်ရာတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ပြန်သည့် ဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။"

၂။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၆ ၏ ဖော်ပြချက်၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"ယင်းသို့ပေးသွင်းရာတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အီလက်ထရောနစ်စနစ်(e-Submission System)ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment)စနစ်ဖြင့် ပေးသွင်းရမည်။

ရှင်းလင်းချက်။ စိစစ်ခဆိုရာတွင် တင်ပြသည့် အထောက်အထားစစ်ဆေးခနှင့် ဆေးဝါးနမူနာဓာတ်ခွဲစစ်ဆေးခတို့ကိုဆိုသည်။"

၃။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၁၀ ၏ နောက်တွင် အပိုဒ် ၁၀ - က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၁၀-(က)။ (က) မှတ်ပုံတင်ရရှိထားသော တင်သွင်းဆေးဝါးများအတွက် မှတ်ပုံတင်သက်တမ်းကာလအတွင်း သတ်မှတ်နှစ်စဉ်ကြေးများကို ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment)စနစ်ဖြင့် ပုံမှန်ပေးသွင်းရမည်။ နှစ်စဉ်ကြေးပေးသွင်းရန် နှစ်နှစ်ဆက်တိုက်ပျက်ကွက်ပါက ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်း ထပ်မံဆောင်ရွက်ခွင့်မရှိစေရ၊

(ခ) မှတ်ပုံတင်ရရှိထားသော တင်သွင်းဆေးဝါးများကို ဓာတ်ခွဲစစ်ဆေးရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်း ငါးနှစ်အတွင်း တစ်ကြိမ်အပ်နှံစေပြီး ဓာတ်ခွဲစစ်ဆေးခကို ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment)စနစ်ဖြင့် ပေးသွင်းရမည်၊

(ဂ) မှတ်ပုံတင်ရရှိထားသည့် ပြည်တွင်းထုတ်ဆေးဝါးများအတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဆေးဝါးစက်ရုံကို ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း ဟုတ်မဟုတ်ကို နှစ်စဉ်စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ရှိနိုင်သည့် ဆေးဝါးများကို ကျပန်းကောက်ယူစစ်ဆေးခြင်းတို့ကို ခံယူရမည်။"

၄။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံး၍ အသစ်လဲလှယ်ရန် လျှောက်ထားလိုသူသည် မှတ်ပုံတင်သက်တမ်းမကုန်မီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၅။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၃ တို့တွင်ပါရှိသော "မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့" ဆိုသည့်စကားရပ်ကို "မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်ပေးအပ်ထားသည့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄ မခ(လ) ၂၀၂၃/၁၀၀၆၄
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး--စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး------ဝန်ကြီးဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့ဌာနမှူးများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးအားလုံး